# ငါ အရင်ရောက်တာ



ကျွန်တော့်ရဲ့ သုံးနှစ်သားလေး မေနူအယ်ဟာ ကွန်ပျူတာမှာ ပညာရေးဆိုင်ရာ ဂိမ်းကို ကစားနေပါတယ်။ ခြောက်နှစ်သမီး သူ့အစ်မ အလွန်ဒရာက သူ့ကိုလည်း အလှည့်ပေးဖို့ပြောတော့ သူ့အဖြေက ရိုးရိုးလေးပါပဲ "ငါအရင်ရောက်တာ" တဲ့။

မေနူအယ် ဒီစကားကို ဘယ်ကတတ်လာမှန်း မသိပေမယ့် ကျွန်တော့်အတွက် စဉ်းစားဖို့ ဖြစ်လာစေခဲ့ပါတယ်။ "အရင်ရောက်"တဲ့လူက နောက်မှ ရောက်တဲ့လူထက် ပိုပြီး အခွင့်အရေးရှိတယ်ဆိုတာဟာ လူ့အဖွဲ့အစည်းက ယေဘုယျအားဖြင့် လက်ခံထားတဲ့ နိယာမတစ်ခု ဖြစ်ပါတယ်။ ဘယ်သူမှ မရောက်သေးတဲ့ မြေပေါ်မှာ ပထမဆုံး အခြေချမိတဲ့လူက အဲဒီမြေကို ပိုင်တော့တာပဲ။ ပင်လယ်ထဲက ပုလဲကို အရင်တွေ့တဲ့လူ၊ ရွှေကြောကို အရင်တွေ့တဲ့လူ၊ ရေနံတွင်းကို အရင်တွေ့တဲ့လူက သူ့ဟာလို့ ပြောနိုင်ပါတယ်။ သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိမှုကို အရင်တွေ့တဲ့လူက သူ့ရဲ့ တွေ့ရှိချက်ကို ကြေငြာနိုင်ပြီး အဲဒီတွေ့ရှိမှုရဲ့ အကျိုးဆက်တွေကိုလည်း ခံစားခွင့် ရှိပါတယ်။ စားသောက်ဆိုင် စားပွဲမှာ အရင်ရောက်တဲ့လူက နောက်မှရောက်တဲ့လူထက်ပိုပြီး အခွင့်အရေးရှိပါတယ်။ ကမ်းခြေမှာ အနားယူဖို့နေရာ အရင်ယူတဲ့လူက အဲဒီတစ်နေ့လုံးအတွက် အဲဒီနေရာရဲ့ ပိုင်ရှင်ဖြစ်သွားပါပြီ။

ကလေးတွေကိုတော့ တစ်ယောက်က နာရီဝက် ကစားပြီးပြီဆိုရင် ကျန်တဲ့တစ်ယောက်ကို အလှည့်ပေးဖို့ ကျွန်တော် ပြောထားရပါတယ်။ မိဘအများစုကလည်း ဒီလိုပဲ လုပ်မိကြပါလိမ့်မယ်။ ဒါပေမယ့် အဲဒီစည်းမျဉ်းကို လူ့အဖွဲ့အစည်းမှာသွားပြီး ကျင့်သုံးမယ်ဆိုရင်တော့ ပဋိပက္ခတွေ ဖြစ်လာဖို့ပဲ ရှိပါတယ်။ မြေပိုင်ရှင်တစ်ယောက်က "ငါဒီမြေကွက်ကို ပိုင်လာတာကြာပြီပဲ၊ ကျန်တဲ့တစ်ယောက်ပိုင်ဖို့ အလှည့်သင့်ပြီ"လို့ ပြောတာ ကြားဖူးကြရဲ့လား? ဒါမှမဟုတ် အလုပ်အကိုင်ကောင်းကောင်းရှိတဲ့လူတစ်ယောက်က ပိုက်ဆံမရှိ၊ အလုပ်အကိုင်မရှိတဲ့လူတစ်ယောက်ဆီမှာ အဲဒီအလုပ်ကို ပေးလိုက်တယ်ဆိုတာကော ကြားဖူးမိကြရဲ့လား?

ဒီဥပမာတွေက ကြီးကျယ်လွန်းတယ်ဆိုရင်တော့ ထားလိုက်ပါတော့။ ကိုယ်ကျိုးစွန့်တဲ့ အမူအကျင့်လေးတွေကိုကော လုပ်နိုင်ကြရဲ့လား? ဘတ်စ်ကားပေါ်မှာ ဒါမှမဟုတ် ရထားပေါ်မှာ နေရာထိုင်ခုံရနေတဲ့တစ်ယောက်က အခုမှတက်လာတဲ့ အခြားတစ်ယောက်ကို ခြေထောက်အညောင်းပြေစေဖို့ နေရာဖယ်ပေးတဲ့သူ ဘယ်နှစ်ယောက် တွေ့ခဲ့ဖူးပါသလဲ? ဒီလိုမျိုး ကိုယ်ကျိုးစွန့်မှု အသေးစားလေးတွေကို ကျင့်သုံးဖို့ အရမ်းများ ခက်နေသလား? ကျန်တဲ့လူတစ်ယောက်ကမှ ဒါမျိုးမလုပ်ခဲ့လို့ ပြီးတော့ လူတွေကလည်း ဒါမျိုးလုပ်ဖို့ ကျွန်တော်တို့ကို မမျှော်လင့်ထားလို့ ဒါတွေကို မလုပ်ခဲ့ကြတာလား?

သေချာစဉ်းစားကြည့်ရင် ဒါဟာ အတ္တပါပဲ။ အတ္တဟာ အပြစ်နဲ့ပြည့်တဲ့ လူ့သဘာဝရဲ့ အစိတ်အပိုင်းတစ်ခုပါ။ ဒါပေမဲ့ ယေရှုရဲ့ မေတ္တာအားဖြင့် ဒီအတ္တဆန်မှုကို ကုသလို့ ရပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ကျိုး ရှေ့တန်းတင်မှုတွေကို တွန်းလှန်နိုင်ပြီး ရေဆန်ကို လက်ပစ်ကူးကာ လူတွေကို မေတ္တာပြလာနိုင်မှာ ဖြစ်ပါတယ်။ ယေရှုကပြောတယ် "တောင်းသောသူအားပေးလော့၊ ချေးငှါးလိုသောသူကိုလည်း မငြင်းပယ်နှင့်" (မဿဲ ၅း၄၂)။ ဒါတွေဟာ ဒီခေတ် ဒီအချိန်ကို တော်လှန်တဲ့ အတွေးအခေါ်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အတ္တ ရှေ့တန်းတင်မှုကို တော်လှန်တာပါ။ ဒီပေးဆပ်မှု၊ ကိုယ်ကျိုးမကြည့်တဲ့မေတ္တာကို လူသားတွေ အားလုံးစီမှာ ရှိစေ ချင်တာဟာ အစကတည်းက ဘုရားရဲ့ ဆန္ဒပါ။ ပြီးတော့ သူ့ မေတ္တာအားဖြင့် ဒါကို ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ ဒီချစ်ခြင်းမေတ္တာမျိုးသာ ကျွန်တော်တို့မှာ ရှိမယ်ဆိုရင် ပြဿနာအများကြီးဟာ ပြီးငြိမ်းသွားမှာပါ။ ဒီကမ္ဘာကြီးဟာလည်း တခြားနေရာတစ်ခု ဖြစ်သွားမှာပါ။ ဒီတော့ ဘာကြောင့် စမလုပ်သေးတာလဲ? သင့်မှာရှိတာကို ပေးလိုက်စမ်းပါ။ ပြီးတော့ ဘုရားဆီကလာမယ့် ပြည့်လျှံတဲ့ကောင်းချီးကိုလည်း ခံယူဖို့ အသင့်ပြင်ထားပါ။

## ရက်ရောသူများ

ဘုရားရှင်က ရက်ရောတဲ့ လူတွေကို ကြိုက်တယ်။ ဘုရားက ကြိုက်မှန်းသိပြီး ကိုယ်ကျိုးစွန့်တဲ့သူတွေ၊ ပြန်ရဖို့ မမျှော်ကိုးဘဲ သူတစ်ပါးကို ကူညီသူတွေကိုပေါ့။ ဒီလိုမျိုး ပေးကမ်းခြင်းဟာ အကြီးမားဆုံးသော သာယာပျော်ရွှင်ခြင်းပဲ ဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ ပိုက်ဆံအိတ်ကတော့ ပြောင်သွားပေမယ့် နှလုံးသားမှာတော့ အပြည့်ရှိနေတဲ့အတွက်ပါ။ "စွန့်ကြဲသောသူသည် ချမ်းသာလိမ့်မည်။ သူတပါးကို ရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကို ခံရလိမ့်မည်" (သုတ္တံ ၁၁း၂၅)။

"အစွန့်အကြဲ ခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည်သာ၍ မင်္ဂလာရှိသည်" (တ ၂၀း၃၅) ဘုရားရှင်နဲ့အတူ ဘုရားရှင်ပိုင်ဆိုင်တဲ့ အရာကို မျှဝေသောသူသာလျှင် ဘုရားရှင်ရဲ့ နိုင်ငံတော်မှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ပါလိမ့်မယ်။ ဒေးဗစ်ဘရန့်ဘာ့(ဂ)